Visiting Nurse & Hospice Home
Since 1900

❖ပိုက်ဆံတတ်နိုင်/မတတ်နိုင်အပေါ် ပမာမထား၊ လူနာတိုင်းကို လက်ခံစောင့်ရှောက်ပေးပြီး လူမှုအဝန်းအဝိုင်းကို အလုပ်အကျွေးပြုလာတာ နှစ်တရာကျော်ရှိပြီဖြစ်တဲ့ ဒေသအခြေခံ အကျိုးအမြတ်မမျှော်ကိုးတဲ့ အေဂျင်စီဖြစ်ပါတယ်။

❖ အိမ်တိုင်ယာရောက် စောင့်ရှောက်မှုပေးရာမှာ ကျွမ်းကျင်တဲ့ဆရာဝန်တွေ၊ ဝါရင့်ဝန်ထမ်းတွေ၊ ဆေးပညာရှင်တွေနဲ့ အားဖြည့်ထားပါတယ်။

သူနာပြုလာကြည့်ခြင်းနှင့်ဘဝဆည်းဆာချိန်ဂေဟာ
**(Visiting Nurse & Hospice Home)**
ရဲ့ကတိကဝတ်တွေကတော့...

၁– လူနာကိုအခုချက်ခြင်း ဘယ်ဆေးရုံ ဘယ်ဆရာဝန်နဲ့ပြောင်းပြီးကုရမယ်ဆိုတာတွေကို တနာရီအတွင်းညွှန်းပေးပြီး၊ ညွှန်းပေးလိုက်တာအားလုံးကို အဲဒီတရက်တည်းမှာပဲ အပြီးအစီးလုပ်ပေးနိုင်ပါတယ်။

၂– လူတဦးချင်းအလိုက်ပေးထားတဲ့ ရက်ချိန်းတွေမှာရောက်လာမယ့် အိမ်တိုင်ယာရောက်စောင့်ရှောက်ရေးအဖွဲ့ဝင်တွေဟာ လူနာ၊ လူနာရှင်နဲ့သူ့မိတ်ဆွေတွေရဲ့လိုအပ်ချက်တွေအတိုင်း တာဝန်ကျေကျေလုပ်ပေးပါတယ်။

၃– ပထမဆုံး အဆက်အသွယ်ရလိုက်တာနဲ့ လူနာနဲ့လူနာရှင်အတွက် သင့်တော်မယ့် လမ်းညွှန်ချက်ကို စပေးပါတယ်။

၄– ပေါ်လာတဲ့ရောဂါလက္ခဏာတွေကိုပွားမလာအောင်ဘယ်လိုထိန်းမလဲ၊ ပြင်းထန်တဲ့ ဝေဒနာမခံစားရအောင် ဘယ်လိုကြိုတင်ကာကွယ်ပေးမလဲ စတာတွေကို နာရီမလပ်ကြည့်ရှုစောင့်ရှောက်ပေးပါတယ်။

၅– ပူပန်ကြောင့်ကျနေရတာတွေနဲ့ စိတ်အလိုမကျဖြစ်ရတာတွေ တွေ့တိုင်းချက်ခြင်းတုန့်ပြန်လုပ်ဆောင်ပေးပါတယ်။

၆– ရုံးပိတ်ရက်မို့လို့၊ စနေတနင်္ဂနွေမို့လို့ ဆိုတာမရှိပါဘူး။ တရက်မှာ ၂၄ နာရီ အရည်အသွေးအပြည့် စောင့်ရှောက်မှုဖြစ်ပါတယ်။

၇– ပိုက်ဆံတတ်နိုင်/မတတ်နိုင်အပေါ် ပမာမထားပဲ ဝေဒနာရှင်တိုင်းကို စောင့်ရှောက်ပေးဖို့ဆုံးဖြတ်ချက်ချထားတဲ့၊ လူမှုအဝန်းအဝိုင်းအခြေပြု အကျိုးအမြတ်မမျှော်ကိုးတဲ့အေဂျင်စီဖြစ်ပါတယ်။



Visiting Nurse & Hospice Home
Since 1900



ထပ်ပြီးသိချင်တာတွေ စုံစမ်းချင်တာတွေရှိသေးရင် ဖုန်း (၂၆၀)၄၃၅–၃၂၂၂ ကို ခေါ်ပါ။ ဒါမှမဟုတ်ရင် အခမဲ့ဖုန်း ၁၈၀၀–၂၈၈–၄၁၁၁ ကို ခေါ်ပါ ၊ စီမံခန့်ခွဲရေးရုံးရဲ့ ရုံးချိန်ကတော့ တနင်္လာကနေ သောကြာနေ့ တိုင်း မနက် ၈ နာရီကနေ ညနေ ၅ နာရီအထိဖြစ်ပါတယ်။ သူနာပြုနဲ့ လူနာချိတ်ထားတဲ့ဖုန်းကို တရက်၂၄ နာရီ တပတ်ကို ၇ ရက် ဖွင့်ထားပါတယ်။

မေတ္တာဂရုဏာ၊
သက်သောင့်သက်သာ၊
ကူညီထောက်ပံ့မှု၊

5910 Homestead
Road,FortWayne,
Indiana, IN-46814
www.vnhh.org

အောက်ဖော်ပြပါဒေသတွေမှာနေထိုင်သူတွေအတွက်ဖြစ်ပါတယ်




ကျွန်ုပ်တို့ဟာ လူမျိုး၊ ဘာသာ၊ ကျား‌မ၊ အသားအရောင်၊ ကိုးကွယ်ယုံကြည်မှုဘာကိုမှမခွဲခြားပဲ လူသားတိုင်းကို မေတ္တာဂရုဏာရှေ့ထားပြီး ဖြည့်ဆည်းပံ့ပိုး ပေးပါတယ်။ လူမှုအဝန်းအဝိုင်း ကျန်းမာရေးဆိုင်ရာတရားဝင်ဖြစ်မှု အသိအမှတ်ပြုခန့်အပ်ခြင်းပရိုဂရမ်– **Community Health Accreditation Program (CHAP)** ရဲ့ အသိအမှတ်ပြုခန့်အပ်လွှာ ရထားပြီးဖြစ်ပါတယ်။

# Palliative

# Home Care

လူနာ၊
လူနာရှင်မိသားစုနဲ့
သူ့မိတ်ဆွေတွေအတွက်
ရွေးချယ်စရာ။

ကျွန်ုပ်တို့လူမှုအဝန်းအဝိုင်းမှာ
စောင့်ရှောက်ပေးလာတာ
နှစ်တစ်ရာကျော်ပါပြီ။

Visiting Nurse & Hospice Home
Since 1900

5910 Homestead Road, Fort Wayne, IN 46814
(260)435-3222 or toll free in Indiana (800)288-4111
www.vnhh.org

ထပ်ပြီးသိချင်တာတွေ သတင်းအချက်အလက်တွေလိုသေးရင် ဒီဖုန်း (၂၆၀)၄၃၅–၃၂၂၂ ကို ခေါ်ပါ။ ဒါမှမဟုတ်ရင် ဒီအခမဲ့ဖုန်း ၁၈၀၀–၂၈၈–၄၁၁၁ ကို ခေါ်ပါ ၊ စီမံခန့်ခွဲရေးရုံးရဲ့ ရုံးချိန်ကတော့ တနင်္လာကနေ သောကြာနေ့တိုင်း မနက် ၈ နာရီကနေ ညနေ ၅ နာရီအထိဖြစ်ပါတယ်။ သူနာပြုနဲ့လူနာချိတ်ထားတဲ့ဖုန်းကို တရက်၂၄ နာရီ တပတ်ကို ၇ ရက် ဖွင့်ထားပါတယ်။

United Way
United Way of Allen County

ကျွန်ုပ်တို့ရဲ့စဉ်ဆက်မပြတ် တသမတ် စောင့်ရှောက်မှုကို ကာယကုထုံးဆိုင်ရာပညာရှင်တွေ၊ ကျန်းမာရေးအကူလုပ်သားတွေ၊ လူမှုလုပ်သားတွေ၊သူနာပြုတွေ၊ လူနာရဲ့ဆရာဝန်တွေ၊ အိမ်တိုင်ယာရောက်စောင့်ရှောက်ရေးဆရာဝန်တွေအပါအဝင်၊ အပြန်အလှန် သေဝပ်နာခံမှုရှိပြီး ဝါရင့်လုပ်ဖေါ်ကိုင်ဖက်အစုကနေ ပံ့ပိုးဖြည့်ဆည်းပေးကြတာဖြစ်ပါတယ်။

<u>လူနာ့ဆရာဝန်ရဲ့ကဏ္ဍ</u>

လူနာရဲ့ဆရာဝန်ကတော့ လူနာရဲ့မူလဆရာဝန်အဖြစ်နဲ့ လုပ်စရာရှိတာတွေကို ဆက်လုပ်ပေးနေမှာဖြစ်ပြီး စောင့်ရှောက်ရေးအစီအစဉ်ထဲမှာ ပါနေမှာဖြစ်ပါတယ်။

<u>အိမ်တိုင်ယာရောက်စောင့်ရှောက်မှုဆရာဝန်ရဲ့ကဏ္ဍ</u>

သူကတော့ လူနာရဲ့မူလဆရာဝန်ဖြစ်သူနဲ့အတူတွဲပြီး အနီးကပ်အလုပ်လုပ်မှာဖြစ်ပါတယ်။

<u>ကျွမ်းကျင်သူနာပြုရဲ့ကဏ္ဍ</u>

မှတ်ပုံတင်သူနာပြုနဲ့ လိုင်စင်ရလုပ်ငန်းခွင်သူနာပြုတွေကတော့ လူနာကို ဘယ်လိုထားတာဟာ သက်သောင့်သက်သာဖြစ်စေတယ်ဆိုတာကို လူနာရှင်ကိုယ်တိုင် လုပ်တတ်အောင်သင်ပြပေးရင်းနဲ့ ပေါ်လာတဲ့ရောဂါလက္ခဏာတွေကို ပွားမလာအောင်ထိန်းထားပေးနေမှာဖြစ်ပါတယ်။

<u>အောင်လက်မှတ်ရလက်ထောက်သူနာပြုနဲ့ ကျန်းမာရေးအကူလုပ်သားရဲ့ကဏ္ဍ</u>

သူတို့တွေကတော့ လူနာကိုရေမိုးချိုး အဝတ်အစားလဲ သန့်ရှင်းရေးစတဲ့ နေ့တစ်ဝပြုစရာတွေကိုလုပ်ရာမှာ ကူညီညာလုပ်ပေးမှာဖြစ်ပါတယ်။

<u>လူမှုလုပ်သားရဲ့ကဏ္ဍ</u>

သူကတော့ လူနာ/လူနာရှင် လိုအပ်ချက်တွေပေါ်မှာပြောဆိုဆွေးနွေးမှုတွေ လုပ်ရပါတယ်။ အဲဒီအခါမျိုးမှာ အားမငယ်ရအောင် အားပေးစကားပြောတာလည်း လုပ်ပေးပါတယ်။ ဘယ်နေရာမှာ ဘယ်လိုလူမှုအထောက်အကူ ရနိုင်မယ်ဆိုတာကို ရှာပေးညွှန်ပေးရပါတယ်။ ဥပဒေနဲ့ပတ်သက်လို့ လိုအပ်မယ့်ရုံးလုပ်ငန်းစာရွက်စာတမ်းကိစ္စတွေ မှာလည်းကူပေးပါတယ်။

<u>ရွေးချယ်ပိုင်ခွင့်</u>

အကြုံးဝင်တဲ့ဒေသအတွင်းနေထိုင်သူလူနာတွေဟာ အထက်ကဖေါ်ပြထားတာတွေအားလုံးကိုဖြစ်ဖြစ် တခုတလေကိုဖြစ်ဖြစ်ရွေးချယ်ခွင့်ရှိပါတယ်၊

Visiting Nurse & Hospice Home
Since 1900

## အိမ်တိုင်ယာရောက်ကျန်းမာရေးစောင့်ရှောက်မှုဆိုတာ ကုလို့ပျောက်နိုင်မယ့်ဆေးချက်ကိုရှာနေတဲ့ လူနာတွေအတွက်

အိမ်တိုင်ယာရောက်စောင့်ရှောက်မှုဆိုတာဟာ...ဘဝဆည်းဆာချိန်ကလေးကို အိမ်မှာနေနေရင်း ကုကြည့်ရင်တော့ပျောက်နိုင်သေးရဲ့ဆိုပြီး ဆေးချက်ရှာနေသူလူနာတွေအတွက် ရည်ရွယ်ပုံဖေါ်ထားတာဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ ကျန်းမာရေးဆိုင်ရာ အထူးကျွမ်းကျင်သူ အစုအဖွဲ့ဟာ လူနာကိုအိမ်မှာထားပြီးဖြစ်ဖြစ် ဒါမှမဟုတ် အသက်ကယ်ရေးဌာနမှာထားပြီးဖြစ်ဖြစ် သူရဲ့ကျန်းမာရေးကို စောင့်ရှောက်ဖို့လိုအပ်တာတွေကို ဘယ်လိုစီမံခန့်ခွဲမယ်၊ ဘယ်လိုကူပံ့ပေးရမယ်ဆိုတာတွေနဲ့ ဖြည့်ဆည်းပေးတာဖြစ်ပါတယ်။ ပြီးတော့ လူနာတွေ/ လူနာရှင်တွေ၊ လူနာစောင့်တွေကို ရောဂါလက္ခဏာတွေပေါ်လာရင် ဘာလုပ်ရမယ်၊ နာကျင်မှုဝေဒနာတွေကနေ သက်သာရာသက်သာကြောင်း ဘယ်လိုလုပ်ရမယ်ဆိုတာကို သိပြီး လုပ်တတ်လာအောင်လည်း ကူညီသင်ပြပေးပါတယ်။

အောက်မှာဖေါ်ပြထားတဲ့ ဆေးကုခွင့်အာမခံ၊ ကျန်းမာရေးအာမခံတွေဟာ အိမ်တိုင်ယာရောက်စောင့်ရှောက်မှုအတွက် ကာမိပါတယ်......

■ မက်ဒီကဲယား **(Medicare)**

■ မက်ဒီကိဒ် **(Medicaid)**

■ ကိုယ်ပိုင်ကျန်းမာရေးအာမခံ **(Private Insurance)**

■ ကိုယ့်စရိတ်ဖြင့်ကိုယ်ပေးခြင်း **(Private Payment)**

■ ယူနိုက်တက်ဒ်ဝေး၏ ဘဏ္ဍာရေးအထောက်ပံ့ **(United Way Finincial Assistance)**






တကယ့်တကယ်ကတော့ သူနာပြုလာကြည့်ခြင်းနှင့် ဘဝဆည်းဆာချိန်ဂေဟာ

***(Visiting Nurse & Hospice Home)*** ဆိုတာက အကျိုးအမြတ်မမျှော်ကိုးတဲ့ အေဂျင်စီ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ လုပ်ငန်းဆောင်တာကလည်း ပိုက်ဆံတတ်နိုင်/မတတ်နိုင် အပထားလို့ လူနာတိုင်းကို လက်ခံစောင့်ရှောက်ရေးဖြစ်ပါတယ်။

## အိမ်တိုင်ယာရောက်စောင့်ရှောက်မှုက အောက်မှာဖေါ်ပြထားတဲ့ ရောဂါဘယတွေနဲ့ ဘဝဆည်းဆာချိန်ကို အိမ်မှာပဲကုန်လွန်နေရရှာသူတွေအတွက် ဖြစ်ပါတယ်။

■ ကင်န်ဆာရောဂါ **(Cancer)**

■ လေဖြတ်ခြင်း၊ ခေါင်းတုန်လက်တုန်ရောဂါ၊ ဦးနှောက်ပျက်ခြင်း

**(Stroke,Parkinson Disease,Dementia,ALS**

■ နှလုံးရောဂါ **(Cardiac/Heart Desease)** အဆုတ်ရောဂါ **(lung Desease)**

■ ကျောက်ကပ်ရောဂါ **(Renal Failure)**

■ အသဲရောဂါ **(Liver Desease)**

■ ဆီးချိုရောဂါ **(Diabetes)**

■ ကုလို့ရနိုင်ကောင်းမယ့်ဆေးချက်ကိုရှာနေသူတွေ

■ ရုပ်ပိုင်းဆိုင်ရာ၊ စကားပြောဆိုမှုဆိုင်ရာ၊ အာရုံဝင်စားမှုဆိုင်ရာနဲ့ကာယကုထုံးပညာရှင်တွေ ဒါမှမဟုတ် ကျွမ်းကျင်သူနာပြုတွေ လိုကောင်းလိုနေမယ့်သူတွေ

အိမ်တိုင်ယာရောက်စောင့်ရှောက်မှုက ဘယ်လိုကူညီပေးနိုင်လဲဆိုတော့...

■ ကျွမ်းကျင်သူနာပြုတွေကို အိမ်လွှတ်ပြီးကြည့်ခိုင်းတာ...

■ လူမှုလုပ်သားတွေနဲ့ ဝန်ဆောင်မှုတွေပေးခိုင်းတာ...

■ ကျန်းမာရေး အကူလုပ်သားတွေကို အိမ်ကိုလွှတ်ပေးတာ...

■ ကိုယ်ကာယပြန်လည်သန်စွမ်းရေးအတွက်လိုအပ်ရင် ကာယကုထုံးတွေနဲ့ကုတာ...

■ သိချင်တာတွေမေးရင်ဖြေဖို့၊ အရေးအကြောင်းရှိရင်ခေါ်ဖို့၊ အိမ်ကိုလူလွှတ်ပြီးအကြည့်ပေးခိုင်းဖို့ ဖုန်းလိုင်းကို ၂၄ နာရီဖွင့်ပေးထားတာမျိုးတွေဖြစ်ပါတယ်။